**U.S. Department of Justice**
Office of Special Counsel for Immigration-Related
Unfair Employment Practices

# သင်၏အလုပ်လုပ်ခွင့်ကိုသူတပါး
# အားယူမသွားစေနဲ့

## ဘဝအဖြစ်မှန်များမှ သင်ခန်းစာယူစရာများ



## ဘဝအဖြစ်မှန်များမှ သင်ခန်းစာယူစရာများ

ဒီစာစောင်လေးကပုဂ္ဂိုလ်လေးဦး၏ဘဝအဖြစ်မှန်များရေးသားထားခြင်းဖြစ်ပါသည်။ ဒီပုဂ္ဂိုလ်လေးဦး၏ အလုပ်လျှောက်လွှာများကို အလုပ်ရှင်များကဘေးဖယ်ထားကြပါသည်။

အလုပ်ရှင် လုပ်ပိုင်ခွင့်မရှိသော်လည်း
ဒီအလုပ်ရှင်များကမလိုအပ် ဘဲနှင့်
အလုပ်ရှာလေးဦးအပေါ်တောင်းဆိုချက်အမျိုးမျိုးရှာပြီး
အလုပ် မပေးပဲခြားနားဆက်ဆံခဲ့သည်။ ဒါပေမဲ့
ဘဲသူ၏အကူ အညီ ရှာပြီး၊
ဒီပြဿနာများကိုဖြေရှင်းရမည်ဆိုတာကို သူတို့ကသိကြခဲ့ပါသည်။ သင်လည်းသူတို့လိုဒီလိုပြဿနာများဖြေရှင်းတတ်ရမည် ဖြစ်ပါ၏။



ကျွန်တော်ကကိုးရီးယားနိုင်ငံမှာလေယဉ်မောင်းသင်တန်းပြီးခဲ့သူဖြစ်ပါသည်။ အမေရိကန်နိုင်ငံမှာလေယာဉ်မောင်း အလုပ် လျှောက်ခဲ့ပါသည်။ ကျွန်တော် ၏အလုပ်ရှင်ကခင်ဗျားလေယာဉ်မောင်းခွင့်ရနိုင်ရန် အမေရိကန်နိုင်ငံသားခံယူပြီး ဖြစ်ရမည် ဟုပြောပါသည်၊

ကျွန်တောတက်လှမ်းမရှိပဲ၊ တိုးတက်ဖို့အခွင့်အရေးမရှိသလိုခံစားခဲ့ပါသည်။ ကျွန်တော်၏သူငယ်ချင်းတစ်ယောက် ကပြောသည်၊ ကျွန်တော့်အခြေအနေဟာ မမှန်ကန်ဘူး၊ တရားဝင်မဟုတ်ဟု၊ ပြောပြီး (OSC)လုပ်ငန်း ခွင်နှင့် ပတ်သက်သော မမှန်ကန်မှုများဖြေ့ဂှင်းပေးသောဂုံးကိုကျွန်တော့အားပြောပြပြီးထိုဂုံးကိုခေါ်ပြီး၊ ငွေကြေး မပေးရဘဲနှင့်သူတို့ ၏ ရှေ့နေအားဖြင့် ဒီနေ့ ကျွန်တော်ဟာ၊ လေယာဉ်မောင်း ဖြစ်သွားပါပြီ။



ကျွန်မပိတ်စဖျက်သောအထည်စက်ရုံ၊ ကျွန်မအလုပ်ရှင်သည် အာရှနိုင်ငံများမှလာသော အလုပ်သမားများထံမှ တရားဝင် စာကို တောင်းဆိုကြသည်။ အလုပ်မန်နေရာက တရားဝင်၊ မဝင်သိချင်သည်ဆိုပြီး၊ တောင်းဆိုခြင်း ဖြစ်ပါသည်။ တရားဝင်နေထိုင်ခွင့်ကဒ် သက်တန်းမတိုးရသောကြောင့် ကျွန်မသူငယ်ချင်းကိုအလုပ်မှ ထုတ်ခဲ့ကြသည်။

မိသားစုတောက်ပံ့ရသောကြောင့် အလုပ်မရှိသောသူမမှာ
အလွန်ပင် စိတ်ဆင်းရဲခဲ့ပါသည်။ သူမ၏အကြောင်း စုံကို
(လဝက)ရှေ့နေဖြစ်သောအိမ်နားချင်းအား ပြောပြသော
အခါ ၊ရှေ့နေက ဝါရှင်တန်မြို့မှာရှိသောတရားရုံးကို ငွေကြေး
အကုန်အကျမရှိပဲ၊တယ်လီဖုန်းခေါ်ပြီးအခြေအနေပြော
ပြသောအခါ တရားရုံးကသူမ၏ အမှုကိစ္စကိုစုံစမ်းပြီး၊
သူမအလုပ်  ပြန်ရရှိသည်။ သူမကအလုပ်ပျက်ခဲ့သော
နေ့ရက်များအတွက်ပါ ငွေကြေးရရှိခဲ့ပါသည်။
သူမသည်ဒီတရားရုံးတယ်လီဖုန်း နံပါတ်
ကိုခေါ်ရန်သူများအား၊ လက်ဆင့်ကမ်းတိုက်တွန်းပါသည်။



တရုတ်နိုင်ကိုစွန့်ခွါပြီးနောက် အမေရိကန်နိုင်ငံမှာခိုလုံခြင်း
အခွင့်ရခဲ့ပါသည်။ ကျွန်မမှာကွန်ပြူတာပေါ်ဂရမ်
ပညာကိုသင် ယူချင်ပါသည်။ ကယ်လီဖုန်းနီးယား
လုံခြုံရေးကန်ထရိုက် လုပ် ငန်းတခု၌
အလုပ်လျှောက်ထားပါသည်။ အလုပ်လုပ်ရန် လုံခြုံရေးအမှု
ကင်းစင်းကြောင်း (Security Clearance)
မလိုအပ်သော်လည်း ကျွန်မဟာနိုင်ငံသား မဟုတ်သော

ကြောင့်အလုပ်မရနိုင်ပါ။
လုပ်ငန်းခွင့်နှင့်ပတ်သက်သောဥပဒေ အခွင့်အရေးများကို ကျွန်မတက်သောအသင်းတော် မှာ ပို့ချ သင်ကြားပေးကါ၊ ကျွန်မလျှောက်သောအလုပ်ရှင်၏ မတရား သောလုပ်ဆောင်ချက် ကိုနားလည်ပြီး (**Office of Special Counsel** )ကို ဖုန်းဆက်သောအခါ၊ ထိုဂိုးတို့က အလုပ်လျှောက် သောဂိုးကိုခေါ်ပြီး ကျွန်မအလုပ်ရခဲ့ ပါသည်။



ကျွန်တော်က
လက်ပတ်နာရီစက်ရုံမှာအလုပ်လျှောက်ခဲ့သည်။ ကျွန်တော်၏ကားမောင်းလိုင်စင်နှင့်မှတ်ပုံတင်ကဒ် (**social security card**) ကိုပြသောအခါအလုပ်ရှင်ကကျွန်တော်၏ (**green card**) အမြဲတမ်းနေထိုင်ခွင့်ကဒ်ကိုတောင်းဆိုကာ၊ အလုပ်မပေးခဲ့ပါ။ ကျွန်တော်ပြသော ကဒ်များဟာ တရားဝင် အလုပ်လုပ်နိုင်ရန် ပြည့်စုံသော်လည်း၊ ပြဿနာဖြစ်လာ သော အခါ အကူအညီပေးသောရှေ့နေအားဖုန်းနှင့် လှမ်းဆက်ပြီး ကျွန်တော့် ကိုယ်စားရပ်တည် စကားပြောသောအခါ အလုပ်ရ ခဲ့ပါသည်

# တရားဝင်အလုပ်လုပ်နိုင်ရန်လိုအပ်သောစာရွက်စာတမ်းများ

သင်ပါရှိလာသောစာရွက်စာတမ်းများကိုလက်မခံပါက၊
အောက်တွင်ပေး
ထားသောစာရင်းများကို
အလုပ်ရှင်အားပြသပေးဆောင်ရန်ဖြစ်ပါသည်။
အောက်တွင်ပေးထားသောစာရွက်စာတမ်းများသည် (I-9 form)ဖြည့်စွက်ရန် လိုအပ်သောအရာများဖြစ်ပါသည်။
A စာရင်းတွင်ပေးထားသောအရာများထဲမှတခုခုပြသနိုင်လျှင် (1-9 form) ဖြည့်စွက်ရန်လုံလောက်သည်။
B စာရင်းမှတခုခုနှင့် C စာရင်းမှတခုခုပြသနိုင်လျှင် (I-9 form) ဖြည့် စွက်ရန် လုံ လောက်သည်။

**A စာရင်း တွင်ပါ ဝင်သော စာရွက် စာတမ်း များသည် သင်၏ "မှတ်ပုံတင်" (ID)ဖြစ်သည် သာမက၊ သင်၏ (work authorization) အလုပ်လုပ်နိုင်ခွင့်လဲဖြစ်သည်။**
၁။ အမေရိကန်ပါးစ်ပုပ် (Passport) သက်တမ်း ရှင်၊ သက်တမ်းကုန်။
၂။ အမြဲနေထိုင်ခွင့်ကဒ် (Permanent Resident Card) မဟုတ်လျှင် သူစိမ်းမှတ်ပုံတင်ကဒ် (I–၅၅၁ တံဆိပ်တုံး ရိုက်ထားသော သက်တမ်းရှိ နိုင်ငံ ခြားပါးစ်ပုပ် (Passport)၊
3; USCIS ထုတ်ပေး၊ ပုံပါသက်တမ်းရှင် အလုပ်လုပ်ခွင့်ပုံစံ (I-766, I-688, I-688A,I-688B)/
၄။ သက်တမ်းရှင် ပါးစ်ပုံနှင့် သက်တမ်းရှင် ပြည်ဝင်ပြည်ထွက် မှတ်တမ်း (I–၉၄) စာအုပ်ပါ နာမည်နှင့် လူနာမည် ထပ်တူဖြစ်ရမည်။

**B စာရင်းသည် လူမှတ်ပုံတင်(ID)သာဖြစ်သည်၊**
၁။ ပြည်နယ်ကထုတ်ပေးသော ယာဉ်မောင်းလိုင်စင်မဟုတ်ရင် လူမှတ်ပုံတင် (ID)၊
၂။ တိုင်းပြည်အစိုးရ၊ ပြည်နယ်အစိုးရ၊ မြို့နယ်ခရိုင်အစိုးရ ထုတ်ပေးသော မှတ်ပုံတင်တခုခု။
၃။ ပုံပါသော ကျောင်းသား၊ ကျောင်းသူ မှတ်ပုံတင်ကဒ်၊

၄။ သန္ဓေ ပေးပိုင်ခွင့် မှတ်ပုံတင်ကဒ်၊
၅။ အမေရိကန် စစ်သားကဒ် မဟုတ်ရင် တရားဝင် မှတ်တမ်းစာရွက်များ၊
၆။ အမေရိကန် ကမ်းစောင့်တပ်ကဒ်၊
၇။ ဒေသခံ အမေရိကန် (native) ဖြစ်ကြောင့်စာရွက်စာတမ်းများ၊
၈။ ကာနဒါနိုင်ငံအစိုး ထုတ်ပေးသော ယာဉ်မောင်းလိုင်စင်၊

**B စာရွက်စာတမ်းများ မပြသနိုင်သောအသက် ၁၈ နှစ်အောက်ရှိသူများ၊**

၁။ ကျောင်းသား၊ကျောင်းသူ မှတ်တမ်းမဟုတ်လျှင် ကျောင်းသား၊ကျောင်းသူ အမှတ်စာရင်းများ၊
၂။ ဆေးရုံ၊ ဆေးခန်း၊ ဆရာဝင် မှတ်တမ်းများ၊
၃။ နေ့ကလေးကျောင်းနှင့် ကလေးစောင့် မှတ်တမ်း စာရွက်များ၊

**C စာဂ္ဂင်းသည်သင်၏ အလုပ်လုပ်နိုင်ခွင့်ရှိကြောင့်ကိုပြသထား ပါသည်။**

၁။ အမေရိကန် (Social Security Administration လူမှုဂေးလုံခြုံဂေးဌါန) ထုတ်ပေးသော U.S. Social Security Card.(အလုပ်လုပ် ခွင့်မရှိလျှင် ကဒ်အပေါ်မှာ ရေးသားထားပြီး၊ အလုပ်လုပ်ခွင့်မရပါ။)၊
၂။ ကျန်းမာရေးဌါနက ထုတ်ပေးသော နိုင်ငံခြားမှာ မွေးဖွား သည်ဆိုသည့်မွေးစာရင်း (FS-၅၄၅)မဟုတ်လျှင်ပုံစံDS-၁၃၅၀)၊
၃။ ပြည်နယ်၊ တိုင်းပြည်၊ မြို့နယ် အစိုးရ မဟုတ်လျှင် အမေရိကန် လက်အောက်ခံ ပြည်တခုခုမှ ထုတ်ပေးသော တရားဝင် မွေးစာရင်း၊
၄။ ဒေသခံ အမေရိကန် အမျိုးဖြစ်ကြောင့် စာရွက်စာတမ်းများ၊
၅။ အမေရိကန် နိုင်ငံ မှတ်ပုံတင် (I-၁၉၇)ကဒ်၊
၆။ အမေရိကန် နိုင်ငံတွင် မှီတင်း နေထိုင်သော နိုင်ငံသားသုံးမှတ်ပုံတင်(I-၇၉-ပုံစံ-USCIS ထုတ်ပေး သော သက်တမ်းရှင် အလုပ်လုပ်ခွင့်ပြုခြင်း စာရွက်စာတမ်းများ၊

သင်၏အရင်းခံ နိုင်ငံကြောင့်သော်၄င်း၊ လူဝံကြေးကြပ်ရေး ဌါနနှင့်ပတ်သက်ပြီးသင်၏လက်ရှိ အခြေအနေကြောင့်၄င်းခွဲခြား၊ ခြားနားဆက်ဆံ ခြင်းခံရလျှင် အောက်ပါ တယ်လီဖုန်းများကိုခေါ်ပြီး အကူအညီ ရနိုင်ပါသည်။ (၁-၈၀၀-၂၅၅-၇၆၈၈)

၁း နားကြားမကောင်းသူများ ၁-၈၀၀-၂၃၇-၂၅၁၅
၂း ဝါရှင်တန်ဒီစီဒေသများ (၂၀၂)- ၆၁၆- ၅၅၉၄
၃း ဝါရှင်တန်မြို့ပတ်ဝန်းကျင်နားကြားမကောင်းသူများ ၂၀၂-၆၁၆-၅၅၂၅

အသစ်ရောက်ရှိ သူများအပေါ် လုပ်ငန်းနှင့်ပတ်သက်ပြ
ပီးခြားနားခွဲခြား၊ဆက်ဆံခြင်းနှင့် ပတ်သက်ပြီး အကူအညီ
ပေးနိုင်သောရုံးကိုခေါ်သို့မဟုတ်ရုံးကို စာရေးပါ။ **(OSC)**

U.S. Department of Justice
Office of Special Counsel
Civil Rights Division-NYA
950 Pennsylvania Ave.,NW
Washington, DC 20530

သင်၏လူမျိုး၊ ရုပ်အနေအထား၊
စကားသံထွက်များကြောင့်အလုပ်မရ၊
အလုပ်ကနေထုတ်ပယ်ခြင်းခံရလျှင်၊ **OSC** အကူအညီဖြင့်
အလုပ်ပြန်ရနိုင်သည်သာမကဘဲ အလုပ်မှ
ထုတ်ပယ်ခြင်းခံရသူသည် အလုပ်ပြန်ဆင်းချိန်နှင့် အလုပ်မှ ရပ်တန့်
ခြင်းအကြားအတွင်း လုပ်ခပါ ပြန်လည်ရရှိနိုင်သည်။

သင်၏အလုပ်ရှင်ကနိုင်ငံသားများနှင့်၊ အမြဲနေထိုင်ခွင့်ရှိသူများသာ
အလုပ်ပေးပြီ၊ သင်၏အလုပ်လုပ်ပိုင်ခွင့် စာရွက်စာတမ်း များကို
လက်မခံခဲ့လျှင် သူကဥပဒေကျူးလွန်သူဖြစ်သည်။
သည်အလုပ်ရှင် အပေါ်မှာ၊ ဒီစာရွက် ပေါ်မှာရေးသားထားသော
စာရွက်စာတမ်း များကို ပြသ ရန်ဖြစ်သည်။ ဤအလုပ်ရှင်က
ဆက်လက်ပြီး ညင်းပယ်လျှင် **OSC** ရုံးကိုချက်ချင်းခေါ်ပါ။